ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကောင်စစ်ဝန်ချုပ်ရုံး
ဟောင်ကောင်မြို့

စာအမှတ်၊ ၀၁၅ - ၁၁၅၄ / ၃၇ - ၃၉
ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်

သို့

ဒုတိယဝန်ကြီး
နိုင်ငံခြားရေးဝန်ကြီးဌာန

အကြောင်းအရာ။ <u>(၆-၇-၂၀၁၅)ရက်နေ့မှ (၁၂-၇-၂၀၁၅)ရက်နေ့အတွင်း ဒေသတွင်း စီးပွားရေးဆိုင်ရာ ထူးခြားမှု အခြေအနေများအား တင်ပြခြင်း</u>

ရည် ညွှန်း ချက်။ မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ဟောင်ကောင်မြို့၏ ၂၄-၃-၂၀၁၄ ရက်စွဲပါ စာအမှတ်၊ ၀၁၅-၄၇၉/၃၇-၃၉

၁။ ဟောင်ကောင်၊ မကာအို အထူးအုပ်ချုပ်ရေးဒေသများနှင့် ဆက်စပ်ဒေသဖြစ်သော ထိုင်ဝမ်ဒေသ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ သီတင်းတစ်ပတ်အတွင်း စီးပွားရေးဆိုင်ရာ ထူးခြားမှု အခြေအနေများအား အောက်ပါအတိုင်း လေ့လာတင်ပြအပ်ပါသည်-

**(၁) ဟောင်ကောင်ဒေသ၏ စီးပွားရေးအခြေအနေ**

<u>ဟောင်ကောင်၌ တရုတ်ရင်းနှီးမြှုပ်နှံမှုမြင့်တက်လာခြင်း</u>

ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသတွင် ပထမနှစ်ဝက်အတွင်း စီးပွားရေး လာရောက်လုပ်ကိုင်သူ စုစုပေါင်းလုပ်ငန်း(၂၆၀)အနက် ငါးပုံတစ်ပုံမှာ တရုတ်ပြည်မကြီးမှ လာရောက်လုပ်ကိုင်ခြင်းဖြစ်ကြောင်း၊ ယမန်နှစ်ထက် အရေအတွက် ၁၇ % တိုးတက်ခဲ့ပြီး အလုပ် အကိုင်အခွင့်အလမ်း ၂၆၀၀ ကျော်၊ ရာခိုင်နှုန်းအားဖြင့် ၇၃ % မြင့်တက်ခဲ့ကြောင်း၊ တရုတ် ပြည်မကြီးမှ လုပ်ငန်းအသစ်(၅၂)ခုမှာ နည်းပညာပိုင်းနှင့် ထောက်ပံ့ပို့ဆောင်ရေးဗဟိုဌာနလုပ်ငန်း

များ လုပ်ကိုင်လျက်ရှိကြပြီး၊ ဟောင်ကောင်ဒေသမှတစ်ဆင့် ကမ္ဘာ့ဈေးကွက်သို့ တက်လှမ်းရန် ဆန္ဒရှိကြကြောင်း၊ အမေရိကန်နိုင်ငံမှ လုပ်ငန်း(၃၆)ခုဖြင့် ဒုတိယအများဆုံး ရင်းနှီးမြှုပ်နှံကြကြောင်း၊ ဗြိတိန်နိုင်ငံမှ (၂၆)ခုနှင့် ဂျပန်မှ (၂၀)ခုဖြစ်ကြောင်း၊ လာရောက်လုပ်ကိုင်သူများအနက်မှ (၅၄)ခုမှာ အများအားဖြင့် အမေရိကန်၊ ပြင်သစ်နှင့် ဗြိတိန်နိုင်ငံမှဖြစ်ပြီး အင်တာနက်လုပ်ငန်းနှင့် ဘဏ္ဍာရေးဆိုင်ရာ နည်းပညာရပ်ပိုင်းတွင် အဓိကလုပ်ကိုင်ကြကြောင်း၊ ၎င်းတို့သည် ဟောင်ကောင်တွင် ကာလတိုရင်းနှီးမြှုပ်နှံခြင်းထက် ရေရှည်ရင်းနှီးမြှုပ်နှံလိုကြကြောင်း၊ သို့ရာတွင် မကြာမီက ဖြစ်ပွားခဲ့သော စတော့ရှယ်ယာဈေးကွက် ဂယက်ရိုက်ခတ်မှုကြောင့် ဟောင်ကောင်တွင် စီးပွားရေးပြုလုပ်ရန် အဟန့်အတားဖြစ်စေခဲ့ကြောင်း၊ ဟောင်ကောင်ဒေသမှ ပြီးခဲ့သော၂၀၁၄ ခုနှစ်တွင် ရင်းနှီးမြှုပ်နှံသူ လုပ်ငန်းပေါင်း(၃၅၅)ခုရှိခဲ့ပြီး၊ ယခုနှစ်တွင် ၃၇၀ ရရှိရန် မျှော်မှန်းထားကြောင်း the Standard သတင်းစာ၌ ရေးသားဖော်ပြထားပါသည်။

## (၂) မကာအိုဒေသ၏ စီးပွားရေးအခြေအနေ

<u>ယခုအခါ မကာအိုရှိဈေးဆိုင်များနှင့် စားသောက်ဆိုင်များ၌ တရုတ်အွန်လိုင်းငွေချေစနစ် Alipay အား လက်ခံကျင့်သုံးမည်ဆိုခြင်း</u>

မကာအို Pass Card reading terminals တပ်ဆင်အသုံးပြုလျက်ရှိသော ဈေးဆိုင်ခန်းများနှင့် စားသောက်ဆိုင်များမှ အဆင့်တိုးမြှင့်ပြီး Alipay Wallet mobile application နှင့် UnionPay QuickPass cards များဖြင့် ငွေပေးချေနိုင်ပြီဖြစ်ကြောင်း၊ ငွေကြေးပမာဏ အနည်းငယ်ဖြင့် ဝယ်ယူသုံးစွဲနိုင်သော စားသောက်ဆိုင်၊ ဈေးဝယ်စင်တာများ၊ လက်ဆောင်ပစ္စည်းအရောင်းဆိုင်စသည့် နေရာများအတွက် အဓိကရည်ရွယ်ပြီး အသုံးပြုရန် Macau Pass နှင့် China Online payment giant Alipay တို့အကြား မဟာဗျူဟာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း၊ လက်ရှိတွင် မကာအိုဈေးဆိုင်အနည်းငယ်မှသာ အဆင့်တိုးမြှင့်ရန် လျှောက်ထားခဲ့ကြကြောင်း၊ Macau Pass မှ stored-valued ကတ်အသုံးပြုသူများအား တရုတ်နိုင်ငံ၏ အွန်လိုင်းဈေးဝယ်ရာ Taobao. com ၌ ဈေးဝယ်ယူနိုင်ရေး လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ယခုနှစ်အတွင်း Macau Pass အသုံးပြုသူများမှ Alipay ၏ အခြားဝန်ဆောင်မှုများကိုလည်း အသုံးပြုနိုင်မည်ဖြစ်သော်လည်း နည်းပညာဆိုင်ရာအခက်အခဲ

အချို့နှင့် ငွေစာရင်းရှင်းတမ်းဆိုင်ရာ ပြဿနာအနည်းငယ်ရှိကြောင်း Macau News သတင်းစာ၌ ဖော်ပြထားပါသည်။

## (၃) ထိုင်ဝမ်ဒေသ၏ စီးပွားရေးအခြေအနေ

ဇွန်လအတွင်း ပို့ကုန်များကျဆင်းလာခြင်း

ဇွန်လအတွင်း အမေရိကန်ဒေါ်လာ ၂.၂ ဘီလီယံ ကုန်သွယ်မှုပိုလျှံခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ်၊ ဇွန်လ၏ ပိုလျှံမှုထက် အမေရိကန်ဒေါ်လာ ၁.၉ ဘီလီယံအထက် မြင့်တက်ခဲ့ကြောင်း၊ မေလ အတွင်း ဈေးကွက်မျှော်မှန်းချက်၏ ပိုလျှံမှုသည် အမေရိကန်ဒေါ်လာ ၄.၇ ဘီလီယံမှ အမေရိကန် ဒေါ်လာ ၅.၄ ဘီလီယံသို့ မြင့်တက်ခဲ့ကြောင်း၊ ဇွန်လအထိ ၁၂ လတာကာလအတွင်း အမေရိကန် ဒေါ်လာ ၄၉.၂ ဘီလီယံ ကုန်သွယ်မှုပြုလုပ်နိုင်ခဲ့ကြောင်း၊ ပို့ကုန်တန်ဖိုးသည် ဇွန်လတွင် အမေရိ ကန်ဒေါ်လာ ၂၃.၁ ဘီလီယံသို့ ရောက်ရှိခဲ့ပြီး၊ နှစ်စဥ် ၁၃.၉ % ကျဆင်းခဲ့ကြောင်း၊ မေလတွင် ၃.၈ % ကျဆင်းခဲ့သော်လည်း ဇွန်လတွင် (၂)နှစ်အတွင်း သိသိသာသာ အနိမ့်ဆုံးသို့ ရောက်ခဲ့ကြောင်း၊ ဇွန်လတွင် အမေရိကန်ဒေါ်လာ ၂၀.၉ ဘီလီယံ တင်ပို့နိုင်ခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ်၊ ဇွန်လထက် ၁၆.၁ % ကျဆင်းခဲ့သော်လည်း ယခုနှစ် မေလတွင် ၅.၄ % သိသိသာသာကျဆင်းခဲ့ကြောင်း၊ ဈေးကွက်ခန့်မှန်းသူများမှ ၂၀၁၅ ခုနှစ်တွင် ပို့ကုန်တန်းဖိုး ၂.၅ % တိုးတက်နိုင်ပြီး၊ ၂၀၁၆ ခုနှစ်တွင် ၅.၃ % တိုးတက်နိုင်ကြောင်း ခန့်မှန်းထားသည်ဟု ဖော်ပြထားပါ သည်။

## (၄) တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ စီးပွားရေးအခြေအနေ

တရုတ်အစိုးရအဖွဲ့မှ စီးပွားရေး၏ ယုံကြည်စိတ်ချခြင်းအား ဖော်ပြခဲ့ခြင်း

တရုတ်နိုင်ငံတော်ကောင်စီ အစိုးရအစည်းအဝေး၌ ဝန်ကြီးချုပ်လီခဲ့ချန်မှ ယခုနှစ် အတွင်း စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးကို အဓိကထားလုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ပြီးခဲ့သော(၂)လအတွင်း အဆိုပါလုပ်ငန်းများ၌ အပြုသဘောဆောင်သော လက္ခဏာများ တိုးတက် လာပြီး ဖွဲ့စည်းပုံဆိုင်ရာ ပြန်လည်ပြင်ဆင်ခြင်းကို အရှိန်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဘဏ္ဍာရေးနှင့် ငွေကြေးဆိုင်ရာမူဝါဒများကို အကျိုးရှိစွာအသုံးချရေး၊ စီးပွားရေးနှင့် လူမှုဖွံ့ဖြိုး တိုးတက်ရေးကို အရှိန်အဟုန်မြှင့်တင်ရေး၊ အခက်အခဲအတားအဆီးများကို ကျော်လွှားနိုင်မည့်

စွမ်းရည်မြှင့်တင်ရေးနှင့် သင့်လျော်သောလမ်းကြောင်းမှ စီမံကိန်းလုပ်ငန်းများ တိုးတက်လာစေရန် အကောင်အထည်ဖော်ဆောင်ရေး ပြောကြားခဲ့မှုအပေါ် သတင်းထုတ်ပြန်ခဲ့ကြောင်း၊ ဒေသတွင်း ရထားလမ်း၊ ကားလမ်းနှင့် ရေပေးဝေရေး စီမံကိန်းလုပ်ငန်းများ မြန်ဆန်စွာ ဆောင်ရွက်နိုင်ရန် စုံစမ်းစစ်ဆေးမှုများ ဖယ်ရှားသွားမည်ဖြစ်ကြောင်း၊ နှောင့်နှေးနေသော လုပ်ငန်းများနှင့် တလွဲအသုံး ပြုနေသော လုပ်ငန်းများမှ တရုတ်ယွမ်ငွေ (၂၅၀)ဘီလီယံ (အမေရိကန်ဒေါ်လာ ၄၁ ဘီလီယံ)အား ပြန်လည်ဖော်ထုတ်ပြီး ရန်ပုံငွေလိုအပ်နေသော နေရာများ၌ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း၊ ပြည်သူ့ရန်ပုံငွေ ထိရောက်မှန်ကန်ရေးနှင့် လုံခြုံရေးတိုးမြှင့်ရန် မှန်ကန်သော စာရင်းစစ်ဆေးမှု နည်းလမ်းများ အသုံးပြုတိုင်းတာသွားရေး၊ ပညာသင်ကြားနိုင်သော အခွင့်အလမ်းများ တိုးမြှင့်ရန် အခြေခံနှင့် တက္ကသိုလ်ကျောင်းသားများအား ချေးငွေသက်တမ်းတိုးမြှင့်နိုင်ရေး၊ အတိုးနှုန်းလျော့ချ သတ်မှတ်ရေးဆောင်ရွက်သွားရန် အစိုးရအစည်းအဝေး၌ ဆုံးဖြတ်ခဲ့ကြောင်း chinadaily.com ဝက်ဘ်ဆိုက်၌ ရေးသားဖော်ပြထားပါသည်။

၂။ တင်ပြအပ်ပါသည်။

( ဇော် ဇော် စိုး )

ကောင်စစ်ဝန်ချုပ်

<u>စုစုပေါင်း(၃)ရွက်</u>

မိတ္တူ -

- ဘဏ္ဍာရေးဝန်ကြီးဌာန၊ နေပြည်တော်
- စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်